Towards Results in Education & English

Funded By: UKaid

# Classroom Stories and Solutions

## A Focus on Formative Assessment

EPISODE 5

This video series from TREE focuses on assessment in the classroom. We look at problems and solutions for assessing primary and secondary learners based on educational theory and practical methods teachers can try.

### Classroom Problem

There is a student in my class who always gets things wrong. I help him a lot, correct her, point out his mistakes, and repeat the instructions. He listens and tries the task, but often makes a lot of mistakes. I think I need to give him a lot of extra support and explain again and again. How can I help students who struggle and help them understand their mistake?



# ERROR CORRECTION AND FEEDBACK

**There are a variety of methods a teacher can use for error correction and verbal feedback.**

Let's look at an example in action with two students: Nay Lin and Thida. The teacher gives them written instructions for a drawing task. Here are the instructions.

### Read and draw

1. Draw a big square.
2. Put a red dot in the middle.
3. Colour the square blue.

**Here's what they drew. Are they both correct?**




We can see that something is not correct with Nay Lin's, but can Nay Lin see this? When any learner makes a mistake, the teacher has some options in how to help them.

**Let's look at two options for correcting Nay Lin...**

Implemented by: British Council, The Open University, VSO, montrose

Towards Results in Education & English

Funded By: UKaid

# OPTION 1

Nay Lin, well done. But yours is not quite right. You need a square, like this, not a rectangle. And your dot is not in the right place. I said in the middle. Put it here, look, this is the middle. I'll show you. Now draw it again like mine.



**REFLECT**

Think about what the teacher said and did.
With this kind of feedback from the teacher, do you think Nay Lin can understand his mistake?

# OPTION 2



Teacher: Nay Lin, let's read the instructions again.

Nay Lin: Draw a big square...

Teacher: Did you draw a square?

Nay Lin: Yes, teacher.

Teacher: How many sides does a square have?

Nay Lin: Four, teacher.

Teacher: That's right! What's the difference between a square and a rectangle?

Nay Lin: A square has equal sides.

Teacher: Does your shape have equal sides?

Nay Lin: No, teacher. I can change it!

Teacher: Great! Make sure to read the instructions carefully, and check with Thida when you're finished.

Nay Lin: OK, teacher!



**REFLECT**

What did the teacher do differently in Option 2?
How did she help Nay Lin realise his mistake?
Is Option 2 better than Option 1? Why?

# KEY TAKEAWAYS:

Try to elicit the corrections from your learner.

Be specific in your advice.

Learners are <u>individuals</u>, therefore learn at different rates. Some learners need more thinking time than others.

Use questions to help the learner realise their mistake. Lead them to self-correct rather than telling them the correct answer.

# စာသင်ခန်းတွင်းပြဿနာ တီထွင်ဆန်းသစ်အဖြေရှာ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းကို လေ့လာခြင်း

အခန်း ၅

Towards Results in Education & English

Funded By: UKaid

TREE မှ ဤဗီဒီယိုဇာတ်လမ်းတွဲသည် စာသင်ခန်းအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအကြောင်းကို အဓိကထား လေ့လာမည်ဖြစ်ပါသည်။ မူလတန်းနှင့် အလယ်တန်း ကျောင်းသူကျောင်းသားများကို စစ်ဆေးအကဲဖြတ်ရာတွင် ကြုံတွေ့ရသော ပြဿနာများနှင့် ဖြေရှင်းချက်များကို ဆရာဆရာမများ စမ်းသပ်လုပ်ဆောင်ကြည့်နိုင်မည့် ပညာရေးသဘောတရားနှင့် လက်တွေ့နည်းလမ်းများအား အခြေခံပြီး လေ့လာပါမည်။

**စာသင်ခန်းပြဿနာ**

အတန်းထဲ အမြဲတမ်းမှားတတ်တဲ့ ကလေး တစ်ယောက်ရှိတယ်။ သူ့ကိုအများကြီးတော့ ကူပေးပါတယ်။ အမှားပြင်ပေးတယ်၊ မှားတဲ့နေရာထောက်ပြတယ်၊ ညွှန်ကြားချက်တွေ ထပ်ပေးတယ်။ ကလေးက နားထောင်ပြီး ထပ်လုပ်တယ်။ ဒါပေမယ့် ခဏခဏ မှားချည်း နေတာပါပဲ။ နောက်ထပ်အများကြီးပံ့ပိုးပြီး ထပ်ခါတလဲလဲ ရှင်းပြဖို့ လိုမယ်ထင်ပါတယ်။ အခက်အခဲကြုံနေရတဲ့ ကလေးတွေကို အကူအညီ ပေးပြီး သူတို့အမှားတွေကိုနားလည်ဖို့ ဘယ်လို လုပ်ရမလဲ။



## အမှားပြင်ဆင်ပြီး သုံးသပ်ချက်ပေးခြင်း

**အမှားပြင်ဆင်ရန်နှင့် နှုတ်ဖြင့် သုံးသပ်ချက်ပေးရန် ဆရာ/မမှ သုံးနိုင်သော နည်းလမ်းအသွယ်သွယ်ရှိပါသည်။**

နေလင်းနှင့် သီတာ ကလေးနှစ်ဦးသာဓကကို ကြည့်ကြပါစို့။ ပုံဆွဲဖို့ စာဖြင့် ညွှန်ကြားချက်ကို ကလေးတို့ကို ပေးလိုက်ပါသည်။ အောက်ပါ ညွှန်ကြားချက်များ ပေးထားပါသည်။

### စာဖတ်ပြီးပုံဆွဲပါ

၁. စတုရန်းကြီးပုံတစ်ပုံဆွဲပါ။
၂. အလယ်ကောင်မှာ အစက်ချပါ။
၃. စတုရန်းကိုအပြာရောင်ချယ်ပါ။

**ကလေးတို့ဆွဲထားသည့်ပုံများ ဖြစ်ပါသည်။ နှစ်ယောက်လုံး မှန်ပါသလား။**

သီတာ



နေလင်း





နေလင်းဆွဲသည့်ပုံတွင် တစ်ခုခုလွဲနေမှန်းတွေ့နိုင်ပါသည်။ သို့သော် နေလင်းက တွေ့နိုင်ပါ့မလား။ ကလေးတို့ အမှားလုပ်သည့်အခါ ဆရာ/မမှကူညီနိုင်သည့် နည်းလမ်းအသွယ်သွယ်ရှိပါသည်။

**နေလင်းကိုအမှားပြင်ပေးရန် နည်းလမ်းနှစ်သွယ်ကို ကြည့်ကြပါစို့။**

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Towards Results in Education & English

Funded By: UKaid

# ပထမနည်း



နေလင်းရေ။ တော်လိုက်တာ။ ဒါပေမယ့် သိပ်တော့မမှန်သေးဘူး။ ဟောဒီလို စတုရန်းလေး ဆွဲရတယ်။ စတုဂံမဟုတ်ဘူး။ ပြီးတော့ မင်းအစက်လေးကလည်း နေရာမမှန်ဖူး။ ဆရာ/မပြောတာက အလယ်မှာ။ ဒီမှာထည့်။ ကြည့်။ ဒါကအလယ်ကောင်။ ဆရာ/မပြမယ်။ ဟောဒီမှာ။ အခု ဆရာ/မ ပြတဲ့အတိုင်း တူအောင် ဆွဲ။

**ပြန်လည်သုံးသပ်ပါ။**

**ဆရာ/မ ပြောကြားချက်၊ ကလေးတွေ၏ လုပ်ဆောင်ချက်အကြောင်းကို စဉ်းစားပါ။ ဆရာမက ဤကဲ့သို့ သုံးသပ်ပြီးလျှင် နေလင်းက သူ့အမှားကို နားလည်နိုင်ပြီဟု ထင်ပါသလား။**

# ဒုတိယနည်း





နေလင်းရေ။ ညွှန်ကြားချက်တွေကို ပြန်ဖတ်ကြည့်ပါဦး။

စတုရန်းကြီးတစ်ခုဆွဲပါ။

စတုရန်းဆွဲထားသလား။

ဟုတ်ကဲ့ဆရာမ။

စတုရန်းမှာ အနားဘယ်နှစ်နား ပါသလဲ။

လေးနားပါဆရာမ။

ဟုတ်တယ်။ စတုရန်းနဲ့ စတုဂံဘာကွာသလဲ။

စတုရန်းက လေးနားလုံးညီပါတယ်။

သားဆွဲထားတဲ့ပုံက လေးနားညီရဲ့လား။

မညီပါဘူး ဆရာမ။
သားပြောင်းဆွဲလိုက်ပါ့မယ်။

ဟုတ်ပြီ။ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်။
သားဆွဲလို့ပြီးရင် သီတာနဲ့စစ်ကြည့်နော်။

ဟုတ်ကဲ့ ဆရာမ။

**ပြန်လည်သုံးသပ်ပါ**

**ဒုတိယနည်းတွင် ဆရာမက မည်သို့ပြောင်းလဲလုပ်လိုက်ပါသနည်း။ နေလင်းအမှားမြင်အောင် မည်သို့ကူညီလိုက်ပါသနည်း။ ဒုတိယနည်းက ပထမနည်းထက် ပိုကောင်းပါသလား။ အဘယ်ကြောင့်နည်း။**

# အဓိကမှတ်သားဖွယ်များ

**အမှားပြင်ပုံကို သင်ယူသူထံက မေးမြန်းဖော်ထုတ်ပါ။**

**အကြံတိတိကျကျ ပေးပါ။**

**သင်ယူသူအချင်းချင်း ကွဲပြားခြားနားကြပါသည်။ ထို့ကြောင့် သင်ယူနှုန်းလည်း မတူပါ။ အချို့သင်ယူသူများက အခြားသူများထက် စဉ်းစားချိန်ပိုမိုလိုအပ်ပါသည်။**

**မေးခွန်းသုံးပြီးသင်ယူသူတို့ အမှားမြင်အောင် ကူညီပါ။ အဖြေမှန်ပြောပြမည့်အစား သင်ယူသူကိုယ်တိုင် အမှားပြင်ဖို့ တည့်မတ်ပေးပါ။**